## လူ့အသိုင်းအဝိုင်းတွင် လိုအပ်ချက်များ နှင့် အရင်းအမြစ်များ

NEEDS AND RESOURCES OF THE COMMUNITY – IDMM

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား/သူ) သည်

၁. လူ့အသိုင်းအဝိုင်းထဲ ရှိ နေထိုင်သူများ၏ ပြဿနာများကို ဖေါ်ထုတ်ရန်အတွက် ကူညီနိုင်လိမ့်မည်။

၂. လူများ ၏ လိုအပ်ချက်များကို ဦးစားပေး၍ ကူညီနိုင်လိမ့်မည်။

၃. လူတို့၏ စီမံကိန်းကိုပြီးစီးစေရန်အတွက် လိုအပ်သည့် အရင်းအမြစ် အများဆုံး ကို ဒေသတွင်းတွင် တွေ့ရှိနိုင်သည် ဟု လူများအား နားလည်သဘောပေါက်စေရန် ကူညီနိုင်လိမ့်မည်။

**သင်တန်းဆရာများအတွက်ချိုင်သုံးသပ်ခြင်း-** ဤသင်ခန်းစာ ရှိ သင်ယူခြင်းဆိုင်ရာ လုပ်ဆောင်မှုသည် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည်။ ပါဝင်သောသင်တန်းသား/သူများတို့သည် သူတို့ ၏ အသိုင်းအဝိုင်း တွင် လိုအပ်သောအရာတစ်ခုကိုကိုယ်စားပြုသော တစ်စုံတစ်ခုကိုကြိုတင်၍ယူဆောင်လာရန်မှာကြားပါ။

**ဤအပိုင်းကိုမစတင်မီ**

ခေတ္တနားချိန်မတိုင်မီ ပါဝင်သူသင်တန်းသား၊သူများအား ဆင်းရဲသောအသိုင်းအဝိုင်းတစ်ခုထဲ ရှိ ပြဿနာ တစ်ခု သို့မဟုတ် စိုးရိမ်ပူပန်မှုများကို ကိုယ်စားပြုသော သို့မဟုတ် သတိပေးသည့် အရာ တစ်ခု ကိုရှာဖွေပါ။ သူတို့သည် ဆန္ဒမဲပေးရာတွင်အသုံးပြုရန်အတွက် သစ်ရွက်သုံးရွက်ကိုလည်း ယူဆောင်လာသင့်သည်။

**လေ့လာသင်ယူရန်လုပ်ဆောင်ခြင်း-** ဤလေ့ကျင့်ခန်း၏ရည်ရွယ်ချက်မှာ ပါဝင်သူများ၏ လူ့အသိုင်းအဝိုင်း ရှိ ပြဿနာများကိုဖော်ထုတ်ရန် နှင့် ဦးစားပေး လုပ်ဆောင်ရမည့်အရာများကို ရွေးချယ်ရန် သူတို့အားကူညီရန်ဖြစ်သည်။ သင်တန်းသား၊သူများ ကို သူတို့၏ ဦးစားပေးမှုများ ပြီးမြောက်ရန်နှင့် သူတို့ဖြေရှင်းရန် ရွေးချယ်ထားသော ပြဿနာ များကို ဖြေရှင်းရန် အသုံးပြုနိုင်သည့် ဒေသတွင်း ရှိ အရင်းအမြစ် များကိုလည်း ဖော်ထုတ်နိုင်လိမ့်မည်။

### I. ဖွံ့ဖြိုးတိုးတက်မှုအတွက်လမ်း

က. သင်တန်းမှူးသည် လေ့ကျင့်ခန်းကိုမိတ်ဆက်ပေးပြီး ဖွံ့ဖြိုးတိုးတက်ရေး လမ်းသို့ သူတို့၏ရည်မှန်းချက်များကိုတစ်ချိန်တွင်တစ်ယောက်တင်သွင်းရန် အယောက်ဆီတိုင်း ကို တောင်းဆိုသည်။ ၎င်းတို့ သည် အဘယ်အရာ အား ကိုယ်စားပြုသည်ကို ရှင်းပြခိုင်းသည်။

**ရည်မှန်းချက်များနှင့်ပတ်သက်၍ သင်တန်းသူ၊သားများအတွက် လမ်းညွှန်ချက်များ-**

"ဖွံ့ဖြိုးတိုးတက်ရာလမ်း" ဟု ကျွန်တော်တို့ခေါ်သော သင်၏ရှေ့တွင်ရှိသော လမ်းကို မြင်ယောင်ကြည့်ပါ။ ထိုလမ်းပေါ်တွင်(ရေစား၍ဖြစ်ပေါ်သော) ကျောက်ဂူများ သို့မဟုတ် ကန့်လန့်လဲကျနေသော သစ်ပင်ကြီးများကဲ့သို့သော အတားအဆီးများရှိနေသည်။ ထိုအတားအဆီးများသည်

လူ့အသိုင်းအဝိုင်း တိုးတက်မှုရရန် အတွက် ကျော်လွှားရမည့် လိုအပ်ချက် အချို့ ကို ကိုယ်စားပြုသည်။ သင်တို့နှင့် အတူ ယူဆောင်လာသော အရာများသည် ထိုပြဿနာများအနက် မှ တစ်ခု ဖြစ်သည်။

ထိုပြဿနာများ/လိုအပ်ချက်များမှာ ဘာတွေဖြစ်မည်နည်း။

သင်တို့တစ်ဦးစီ သည် လိုအပ်ချက် တစ်ခုစီကို စဉ်းစားပါ။ သင်တို့သည် ထိုလိုအပ်ချက် ကို ကိုယ်စားပြုရန် သို့မဟုတ် သရုပ်ဖော်ရန် အရာ တစ်ခုကို တွေ့ရှိလိမ့်မည်။ ထိုအရာများတို့သည် လမ်းပေါ်ရှိသစ်ပင်များပင်ဖြစ်သည်။

တစ်ယောက်ပြီးတစ်ယောက်, တစ်ဦးချင်းစီသည် သင်၏ ရည်မှန်းချက်ကို လမ်းပေါ်တွင်ထား၍ သင်၏ရည်မှန်းချက်သည်အဘယ်အရာကိုကိုယ်စားပြုသည်ကိုအဖွဲ့အားရှင်းပြပါ။
(သင်တန်းဆရာထံမှတ်စု- ရည်မှန်းချက်များတို့သည် တိကျသောပြဿနာများကို ကိုယ်စားပြု စေပါ။ မကျယ်ပြန့်ပါစေနှင့်။ ဥပမာ- "ငှက်ဖျားရောဂါ" သည် တိတိကျကျဖြစ်သည်။ သို့သော် "ကျန်းမာရေး" ဟူသည် ယေဘုယျဖြစ်သည်။ အလွန်ကျယ်ပြန့်သည်။)

၁. သင်တန်းမှူးသည် တူညီသောပြဿနာများ ကိုကိုယ်စားပြုသော ရည်မှန်းချက်များကိုစုစည်းပြီး ထို့နောက် လမ်းညွှန်ချက်များကိုပေးသည်။
**<u>ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ လမ်းညွှန်မှုများ-</u>**
သင်တို့တစ်ဦးစီတွင် သစ်ရွက်သုံးရွက်စီရှိသည်။ ယခုချိန်တွင် သင်ထင်သော ထိုပြဿနာများထဲမှ မည်သည်တို့သည် အရေးအပါဆုံး ပြဿနာများဖြစ်သည်ကို ကျွန်တော်တို့ဆန္ဒမဲပေးလိမ့်မည်။ သင်သည်သင်၏ ကိုယ်ပိုင်ရည်ရွယ်ချက် အတွက် ဆန္ဒမဲပေးရန်မလိုပါ။ သင်သည် မတူညီသော ရည်ရွယ်ချက်များသုံးခုကို ရွေးချယ်ပြီး သင်ရွေးချယ်သောတစ်ခု ဘေးတွင် သစ်ရွက်တစ်ရွက်ကိုထားပါ။ သင်တို့၏ ဆန္ဒမဲ များကို ယူဆောင်လာနိုင်သည်။

၂. ဆန္ဒမဲပေးပြီးနောက် အဖွဲ့ထဲ ရှိ တစ်စုံတစ်ယောက်အားသစ်ရွက်များကို ရေတွက်စေပြီး အမြင့်ဆုံးဆန္ဒမဲရရှိထားသည့် ပြဿနာ လေးခုအားဖေါ်ထုတ်ပါ။ ဤပြဿနာလေးခုကို နောက်လာမည့် သင်ခန်းစာတွင် အသုံးပြုမည်။

**<u>ပြဿနာတိုင်းတွင်နှစ်ဘက်/ပိုင်းရှိသည်။</u>**
ငွေဒင်္ဂါးပြားတွင် နှစ်ဘက်ရှိသကဲ့သို့ ကျွန်တော်တို့၏ပြဿနာများ ကို ကြည့်ရှုရန်နည်းလမ်း နှစ်ခုရှိသည်။ တစ်ဘက်တွင် ကျွန်တော်တို့၏ပြဿနာများကို ဖြစ်ပေါ်စေသော လိုအပ်ချက်များကို ကျွန်တော်တို့ တွေ့မြင်နိုင်သည်။ အခြားတစ်ဘက်တွင် ပြဿနာများကိုဖြေရှင်းရန်အသုံးပြုနိုင်သော အရင်းအမြစ်များကို ကျွန်တော်တို့တွေ့မြင်နိုင်သည်။ ကျွန်တော်တို့၏ ဖွံ့ဖြိုးတိုးတက်သောလမ်း သို့ လေ့ကျင့်ခန်းတွင် ကျွန်တော်တို့သည် လူ့အသိုင်းအဝိုင်းတွင် လိုအပ်မှုတစ်ချို့အား ထုတ်ဖေါ်ခဲ့သည်။ ယခု ကျွန်တော်တို့သည် အဖွဲ့ငယ်များ အဖြစ် ခွဲ၍ ငွေဒင်္ဂါးပြား၏အခြား တစ်ဘက်ကိုကြည့်မည်။

ယခုကျွန်တော်တို့သည် အဖွဲ့ငယ်များတွင်အရင်းအမြစ်အမျိုးမျိုး ဖြစ်သော-- လူသား၊ သဘာ၀၊ ငွေရေးကြေးရေး နှင့် ရုပ်ဝတ္ထုနှင့် ပစ္စည်း-- တို့ကိုဖေါ်ထုတ်ရန် ကျွန်တော်တို့သည် အလုပ်လုပ်လိမ့်မည်။

## II. ကျွန်တော်တို့၏လူ့အသိုင်းအဝိုင်းရှိ အရင်းအမြစ်များ

အဖွဲ့ငယ် လေးဖွဲ့ ခွဲပါ။ လေ့ကျင့်ခန်းတွင်ဖေါ်ထုတ်ခဲ့သောပြဿနာလေးခုထဲမှ တစ်ခုကို

အဖွဲ့တိုင်းအားတာဝန်ပေးပြီး အောက်ဖော်ပြပါမေးခွန်းများကို ဆွေးနွေးပါ။ ဒေသခံ အရင်းအမြစ်များကို အာရုံစိုက်ပါ။ အဖွဲ့တိုင်းသည် သူတို့ရှာဖွေတွေ့ရှိသောအရာများကို စုပေါင်းအဖွဲ့နှင့် အတူ ဝေမျှစေပါ။

**က. ဤလိုအပ်ချက် ကို ကူညီရန် အရင်းအမြစ်များ ရှိသည့် သင့် အသိုင်းအဝိုင်း ရှိ လူများသည် မည်သူများနည်း။**

၁. အသိတရား၊ ကျွမ်းကျင်မှုများ၊ သို့မဟုတ် အချိန်နှင့်အတူ လူ့အသိုင်းအဝိုင်းတွင်ရှိသောလူ

၂. ဒေသခံခေါင်းဆောင်များနှင့် ဩဇာလွှမ်းမိုးသောလူ

၃. အစိုးရဂုန်ထမ်းများ

၄. ကလေးသူငယ်များနှင့် လူငယ်

၅. အသက်ကြီးသူနှင့် အငြိမ်းစားယူသူ

၆. ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာသန့်ရှင်းမှုအတတ်ပညာ စသည်ဖြင့်...အကြောင်းနှင့်ပတ်သက်၍ ဗဟုသုတကြွယ်ဂလူ

၇. အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ယုံကြည်ခြင်းကိုအခြေခံသောအဖွဲ့အစည်း

၈. အသင်းတော်ခေါင်းဆောင်များ

၉. ဒေသဆိုင်ရာစာသင်ကျောင်းများ၊ ကျောင်းသား/သူများနှင့်ဆရာ/မများ

၁၀. ဒေသခံကျန်းမာရေးဆေးခန်းနှင့် ဆေးခန်းအလုပ်သမားများ

၁၁. အတွေ့အကြုံရှိသော (ဝါကြီးသော) အကြံပေးပုဂ္ဂိုလ်များ

၁၂. ရှာဖွေတွေ့ရှိထားသောအဖွဲ့မှ အသင်းဝင်များ

**ခ. ဤလိုအပ်ချက် ကို ကူညီရန် မည်သည့်ပစ္စည်းများနှင့် တန်ဆာပလာများကို ဒေသတွင်းတွင် ရရှိနိုင်သနည်း။**

၁. အပင်များ

၂. တိရစ္ဆာန်များ

၃. မြေဆီ၊ သဲနှင့် ကျောက် ပါဝင်သော ကုန်းမြေ

၄. ရေ

၅. နေ

၆. သစ်ပင်များနှင့် သစ်တောထုတ်ကုန်များ

၇. အကျီနှင့်အဝတ်အစား

၈. စာကြည့်တိုက်ရှိစာအုပ်များ

၉. စာသင်ကျောင်းအထောက်အပံ့များ
၁၀. စာပေနှင့် ကျန်းမာရေးလက်ကမ်းစာစောင်များ
၁၁. လက်စွဲတန်ဆာပလာများ
၁၂. နီးစပ်ရာဈေးဆိုင်မှ ဝယ်ယူထားသောပစ္စည်းများ

**ဂ. ဤလိုအပ်ချက် ကို ကူညီရန် ငွေကြေးကိုအဘယ်နေရာ ဒေသတွင် ရရှိနိုင်သနည်း။**

၁. ငွေသား
၂. ဒေသခံရန်ပုံငွေရရှိစေရန်အကြောင်းအရာများ
၃. ကောက်ပဲသီးနှံများ၊ အိမ်မွေးတိရစ္ဆာန် စသည်တို့ကို ရောင်းချခြင်းမှ ရရှိသောအကျိုးအမြတ်
၄. အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်း၊ အစိုးရ၊ အသင်းတော်များထံမှ ငွေကြေးဖေးမ ကူညီမှု
၅. လူ့အသိုင်းအဝိုင်းပန်းဥယျာဉ်
၆. စီးပွားရေးများ

**ဃ. ဤလိုအပ်ချက် ကို ကူညီရန် အတွက် ပြည်သူ့ဝန်ဆောင်မှု နှင့် ဂန်ဆောင်မှု အရင်းအမြစ်များကို ရရှိနိုင်သနည်း။**

၁. လူ့အသိုင်းအဝိုင်းတွေ့ဆုံ စည်းဝေးရာ ဇရပ်ယာ သို့မဟုတ် စတုရန်း
၂. စာသင်ကျောင်းများ
၃. ဈေးဆိုင်များ
၄. အစိုးရရုံးများ
၅. အသင်းတော်များနှင့် အခြားသောဘာသာရေးဆိုင်ရာနေရာများ (ဗလီကျောင်း၊ စသည်ဖြင့်)
၆. ဆေးခန်းများ
၇. လမ်းများနှင့် တံတားများ
၈. သောက်ရေတွင်းများနှင့် ရေရင်းမြစ်များ
၉. အားကစားကွင်းများ
၁၀. မော်တော်ကားများ၊ အလုံပိတ်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် အခြားသော ပြည်သူလူထုသယ်ယူပို့ဆောင်ရေး

## III. အပိုဖြည့်စွက်ထားသောအရင်းအမြစ်တစ်ခု

### ခြေလက်မသန်စွမ်းသူပုံဥပမာအကြောင်း

ဤပုံပြင်ကိုဖတ်ပါ၊ (မာကု ၂း၁-၁၂)
ယေရှုသည် ကပေရနောင်မြို့သို့ပြန်သွားခဲ့သည်။ ရက်အနည်းငယ်ကြာသောအခါ သူသည်အိမ်၌ ရှိနေကြောင်းကို လူတို့ကကြားသိခဲ့သည်။ ၎င်းနောက်ထိုသို့ထံမှများစွာသောလူတို့သည် ထိုအိမ်၌ တံခါးပြင်နားမှာပင်နေစရာမရှိနိုင်အောင် လာခဲ့ကြသည်။
လူလေးယောက်သည် ခြေလက်မသန်စွမ်းသူတစ်ဦးကို အိပ်ယာနှင့်သယ်ဆောင်လာသောအခါ ယေရှုသည် သူတို့အားတရားဟောနေဆဲရှိခဲ့သည်။ သို့သော်လည်း လူစုဝေးလျက်ရှိသောကြောင့်

သူတို့ သည် သူ့အားယေရှုထံသို့မချဉ်းကပ်နိုင်ခဲ့ပါ။ ထို့ကြောင့် သူတို့သည် ကိုယ်တော်ရှိရာအပေါ်မှာ အိမ်အမိုးကိုဖောက်ထွင်းပြီး လူနာကိုလူအများ၏ရှေ့တွင်လျှော့ချခဲ့သည်။ ယေရှုသည် သူတို့၏ယုံကြည်ခြင်းကိုမြင်သောအခါ လက်ခြေသေသောသူအား၊ ငါ့သား၊ သင်၏အပြစ်ကိုလွှတ်စေပြီ ဟုမိန့်တော်မူခဲ့သည်။

ထိုအရပ်၌ကျမ်းပြုဆရာများတစ်ချို့ထိုင်နေခဲ့သည်။ သူတို့သည် ဤသူသည်ဘုရားကိုလွန်ကျူး၍ အဘယ်ကြောင့်ဤသို့ပြောသရသနည်း။ ဘုရားသခင်မှတစ်ပါး အဘယ်သူသည် အပြစ်ကိုလွှတ်နိုင်သနည်း ဟု အံ့သြခဲ့သည်။

ဆိုင်းတွခြင်းမရှိဘဲ ယေရှုသည် သူတို့အဘယ်သို့ထင်မြင်နေသည်ကိုသိ၍ သင်တို့သည် အဘယ်ကြောင့်ဤကဲ့သို့ထင်မှတ်ကြသနည်း။ လက်ခြေသေသောသူအား အဘယ်စကားကိုသာ၍ ပြောလွယ်သနည်း။ သင်၏အပြစ်ကိုလွှတ်စေပြီဟု ပြောလွယ်သလော၊ သင်ထလော့။ ကိုယ်အိပ်ယာ ကိုဆောင်၍လှမ်းသွားလော့ဟု ပြောလွယ်သလော၊ လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည် ကို သင်တို့သိစေမည်ဟု မိန့်တော်မူခဲ့သည်။ ထို့ကြောင့် ယေရှုသည် ထိုလူအား ထလော့၊ ကိုယ်အိပ်ယာကိုဆောင်ယူ၍ ကိုယ်အိမ်သို့သွားလော့ဟု မိန့်တော်မူခဲ့သည်။ ထိုသူသည် ဆိုင်းတွခြင်းမရှိဘဲချက်ချင်းထ၍ လူအပေါင်းတို့သည်မိန်းမောတွေဝေခြင်းရှိစဉ် အိပ်ယာကိုဆောင်လျက်ထွက်သွားခဲ့သည်။ သူတို့သည် ဤကဲ့သို့တစ်ခါမျှမမြင်စဖူးဟု ပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြသည်။

**က. <u>ဤပုံဥပမာတွင် လိုအပ်မှုကား အဘယ်အရာနည်း။</u>**

ထိုလူသည် လက်ခြေမသန်စွမ်းဖြစ်သည်။

**ခ. <u>အဘယ်သို့သောအရင်းအမြစ်များကို ရရှိနိုင်သနည်း။</u>**

၁. မိတ်ဆွေလေးဦး

၂. လူလေးယောက်၏ယုံကြည်ခြင်း

၃. လူလေးယောက်၏ကျွမ်းကျင်မှုများ

၄. လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အတွက် လူလေးဦး၏ဆက်သွယ်မှုနှင့် အစီအစဉ်ရေးဆွဲမှု

၅. အိပ်ယာကုတင်

၆. ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် သဘာဝအရင်းအမြစ်များ-- လူနာကိုထမ်းစင်တစ်ခုပြုလုပ်ရန် သစ်သားအပိုင်းအစဖြစ်နိုင်သည်။

၇. ကြိုး (အိမ်နီးနားချင်းများထံမှရရှိနိုင်)

၈. ပတ်ဝန်းကျင်ဒေသရှိ ယေရှု

၉. ဒေသခံအိမ်

၁၀. အိမ်အမိုးသို့သွားရောက်ရာလမ်း

၁၁. ကြိုး

၁၂. ယေရှု

**ဂ. <u>နောက်ဆုံးရလဒ်ကား အဘယ်နည်း။</u>**

၁. သူငယ်ချင်းလေးယောက်၏ယုံကြည်ခြင်း ကို သခင်ယေရှု မြင်ပြီး သူတို့၏ယုံကြည်ခြင်းခြေလှမ်းများ ကို အဖြေတစ်ခုပေးခဲ့သည်။

၂. လူနာသည် ရုပ်ပိုင်းနှင့်ဝိညာဉ်ဆိုင်ရာ ကုသခံခဲ့ရသည်။
၃. ဘုရားသခင်သည် ဘုန်းတန်ခိုးထင်ရှားခဲ့သည်။

**ဃ. ဤလေ့ကျင့်ခန်းနှင့်ပုံဥပမာတို့မှ ကျွန်တော်တို့အဘာယ်အရာကို သင်ယူနိုင်သနည်း။**

၁. ဝိညာဉ်ရေးရာ အရင်းအမြစ်များကိုလည်း ရရှိနိုင်သည်-- ဆုတောင်းခြင်း၊ ယုံကြည်ခြင်း၊ နာခံခြင်း၊ မိတ်သဟာရဖွဲ့ခြင်း နှင့် အခြားသမ္မာကျမ်းစာဆိုင်ရာနိယာမများ
၂. ဒေသန္တရတွင်း ပိုင်ဆိုင်မှုများစွာရှိသည်။
၃. ဒေသန္တရ ပိုင်ဆိုင် မှုများကို ပြင်ပ မှ အလွယ်တကူ လျစ်လျူရှုနိုင်သည်။
၄. လိုအပ်သောအသုံးဝင်သည့် ပစ္စည်းများကို လူ့အသိုင်းအဝိုင်းအတွင်း တွင် တွေ့မြင်နိုင်သည်။
၅. အချို့သော ပိုင်ဆိုင်မှုများကို နှစ်ပေါင်းများစွာ လျစ်လျူရှု ခဲ့သည်။
၆. ကျွန်တော်တို့သည် ပြဿနာအဖြစ်ထင်မြင်ယူဆခဲ့သောအရာ အချို့သည်လည်း ပိုင်ဆိုင်မှုများ (ဥပမာ- အလုပ်လက်မဲ့ ဆိုသည်မှာ လူ့အသိုင်းအဝိုင်း အတွက် လုပ်အားပေးရန် လူအများစု ဟုဆိုလိုသည်။
၇. ဒေသန္တရ ပိုင်ဆိုင်မှု များကို အသုံးပြုခြင်းအားဖြင့် ကျွန်တော်တို့သည် နောက်ပိုင်းတွင်ကူညီရန်အတွက်စောင့်မျှော်သည်ထက် ယခုတိုးတက်ခြင်းကိုဆောင်ရွက်နိုင်သည်။
၈. ဒေသအရင်းအမြစ်များကို အသုံးပြုခြင်းဖြင့် ကျွန်တော်တို့၏ပြဿနာများကိုဖြေရှင်းနိုင်သည်။
၉. ကျွန်တော်တို့ လိုအပ်သည်များကို ကောင်းစွာ အသုံးပြုရန်လိုအပ်သည်။
၁၀. လူတို့တွင် သတိမမူမိသော ကျွမ်းကျင်မှုနှင့် စွမ်းရည်များ ရှိသည်။
၁၁. အတူတကွ အလုပ်လုပ်သောသူများသည် ပိုင်ဆိုင်မှုများကို ခွဲခြားသတ်မှတ်နိုင်ပြီး အဖြေများကို ဖန်တီးနိုင်သည်။
၁၂. ဘုရားသခင်သည် သဘာဝနှင့်သဘာဝလွန် လိုအပ်သော အရာများကို ထောက်ပံ့ပေးသည်။

## IV. အကျဉ်းချုပ်

**ဤညီမျှခြင်းကိုကျောက်သင်ပုန်းတွင်ရေးပါ။**

**ကျွန်တော့်၏အရင်းအမြစ်များ**

**+**

**နာခံခြင်းနှင့်/သို့မဟုတ် အဖိုးပေးရသောလက်ဆောင်တစ်ခု**

**+**

**ယုံကြည်ခြင်း**

**=**

**ဘုရားသခင်အားဖြင့်ပွားများခြင်း**

**+**

**အခြားသူများအတွက်ကောင်းကြီးမင်္ဂလာ**

+

## ကိုယ်ရေးကိုယ်တာကောင်းကြီးမင်္ဂလာ

+

## ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းခြင်း

၁. ဘုရားသခင်သည် ပိုင်ဆိုင်သောအရာများနှင့် အရင်းအမြစ်များနှင့်အတူ လူ့အသိုင်းအဝိုင်း ကို ထောက်ပံ့ပေးခဲ့သည်။

၂. ကျွန်တော်တို့သည် ဤအရင်းအမြစ်များ နှင့် ၎င်းတို့ကို မည်သို့ အသုံးပြုရမည်ကို မြင်စေရန်အတွက် ကျွန်တော်တို့၏မျက်စိများကိုဖွင့်ပေးရန် ဘုရားသခင်ထံတောင်းခံရမည်။

၃. ကျွန်တော်တို့သည် ဤအရင်းအမြစ်များ ကို ပညာရှိသောဘဏ္ဍာစိုးများဖြစ်သည့်အခါ ဘုရားသခင်ကိုရိုသေကိုင်းရှိုင်းသည်။

၄. ကျွန်တော်တို့သည် ဒေသခံအရင်းအမြစ်များ ကို ပညာရှိသောဘဏ္ဍာစိုးများအဖြစ် ပြင်ပ အရင်းအမြစ် များက အထောက်အကူ ပြုသည်။

**ရပ်တည်မှု-** သင်တန်းမှူးများသည် လူ့အသိုင်းအဝိုင်းတစ်ခု၏ ပြ သသနာများကို ဖြေရှင်းရန် ဒေသ အလိုက် အရင်းအမြစ်များစွာရှိကြောင်းနားလည်သည်။ လိုအပ်ချက် အများစု သည် ဘုံဖြစ်ကြောင်း ကို သူတို့နားလည်သည်။

**ကျွမ်းကျင်မှု-** သင်တန်းသူ/သားများသည် လိုအပ်ချက်များ ကို ဖော်ထုတ်ပြီး ၎င်းတို့ ဦးစားပေး လူအသိုင်းအဝိုင်းတစ်ခုအားကူညီနိုင်သည်။ သူတို့သည် လူ့အသိုင်းအဝိုင်းတစ်ခုအား ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဒေသ အလိုက် ရရှိနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ နှင့် ဝိညာဉ်ရေးရာအရင်းအမြစ်များကို ခွဲခြား သတ်မှတ်ရန် ကူညီနိုင်သည်။

**အကဲဖြတ်ခြင်း-** သင်တန်းမှူးတို့သည် သင်တန်းသား၊သူများကို ဘုံ လိုအပ်ချက်များနှင့် အရင်းအမြစ်များကိုခွဲခြားသတ်မှတ်ရန်ကူညီခြင်းအားဖြင့် ဤသင်ခန်းစာ ၏ ပါဝင်သောအကြောင်းအရာကို သိရှိလိမ့်မည်။

**တန်ဆာပလာများ** - သင်တန်းသား၊သူများတို့သည် သူတို့၏လိုအပ်ချက်များ ကိုကိုယ်စားပြုရန် တစ်ခုခုကို ယူဆောင်လာသည်။

-ဆန္ဒမဲပေးရာတွင်အသုံးပြုရန် သင်တန်းသား၊သူများတစ်ဦးစီအတွက် သစ်ရွက်သုံးရွက်

- သတင်းစာစက္ကူ၊ မှတ်သားရန်ဖောင်တိန်များနှင့် တိပ်ပြား၊

---

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

## လိုအပ်ချက်များနှင့် အရင်းအမြစ်များ

ပြဿနာကား အဘယ်နည်း။

ဖြစ်နိုင်ချေရှိသောဖြေရှင်းခြင်းများသည် အဘယ်အရာနည်း။

*တစ်ခုကိုရွေးချယ်ပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။*

က. ဤလိုအပ်ချက် ကို ကူညီရန် အရင်းအမြစ်များ ရှိသည့် သင့် အသိုင်းအဝိုင်း ရှိ လူများသည် မည်သူများနည်း။

ခ. ဤလိုအပ်ချက် ကို ကူညီရန် မည်သည့်ပစ္စည်းများနှင့် တန်ဆာပလာများကို ဒေသတွင်းတွင် ရရှိနိုင်သနည်း။

ဂ. ဤလိုအပ်ချက် ကို ကူညီရန် ငွေကြေးကိုအဘယ်နေရာ ဒေသတွင် ရရှိနိုင်သနည်း။

ဃ. ဤလိုအပ်ချက် ကို ကူညီရန် အတွက် ပြည်သူ့ဝန်ဆောင်မှု နှင့် ဂန်ဆောင်မှု အရင်းအမြစ်များကို ရရှိနိုင်သနည်း။